# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၏ ယာဉ်စစ်ဆေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အများပြည်သူသို့ အသိပေးတင်ပြခြင်း

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရုံးဝန်းအတွင်း မြေဖို့မြေညှိခြင်း၊ အပေါ်လွှာဂဝံမြေခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် မော်တော်ယာဉ်များဝင်ရောက်ပါက ဗွက်နစ်ခြင်း၊ ဘီးချော်ခြင်းများ ဖြစ်ပေါ်၍ လုပ်ငန်းလာရောက်ဆောင်ရွက်သူပြည်သူများ အခက်အခဲကြုံနိုင်သောကြောင့် (၈.၆.၂၀၂၀)ရက်နေ့မှစ၍သက်တမ်းတိုး ယာဉ်စစ်ဆေးခြင်း လုပ်ငန်းကို တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)သို့ ဦးစွာသွားရောက် ယာဉ်စစ်ဆေးရပြီး သက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကိုသာ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)တွင် လက်ခံဆောင်ရွက်လျက်ရှိပါသည်။
- ယခုအခါ ရုံးဝန်းအတွင်းမြေဖို့မြေညှိခြင်းအပေါ်လွှာဂဝံမြေခင်းခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် ယာဉ်စစ်ဆေးရန် ရွာသာကြီးရုံးသို့ ဦးစွာသွားရောက်ရန်မလိုအပ်တော့ဘဲမော်တော်ယာဉ်စစ်ဆေးခြင်းနှင့်မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို(၄.၈.၂၀၂၀)ရက်မှစတင်ပြီး ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)တွင်သာလက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

:

:

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ရန်ကုန်တိုင်းဒေသကြီး)